## သတင်းထုတ်ပြန်ချက်

# Grab ယာဉ်မောင်းများနှင့် အသုံးပြုသူမိတ်ဆွေများအတွက် အဆင်ပြေသည့် ငွေပေးချေမှုစနစ် ထောက်ပံ့ပေးရန် Wave Money နှင့် Grab ပူးပေါင်းဆောင်ရွက်

Wave Money ၏ e-wallet platform နှင့် Grab ၏ ကုန်းလမ်းခရီးသည်ပို့ဆောင်ရေးအက်ပလီကေးရှင်းတို့အားပေါင်းစပ်၍ မိတ်ဖက်အဖြစ် ဖွဲ့စည်းခြင်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်သည်။ ကုမ္ပဏီနှစ်ခုစလုံးသည် ဒီဂျစ်တယ်စီးပွားရေးကို ကောင်းစွာသဘောပေါက်နားလည်စေရန်နှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များ မျှဝေပေးခြင်းဖြင့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံးအထောက်အပံ့ပေးသွားမည်ဖြစ်သည်။

**ရန်ကုန်၊ မြန်မာ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်-**

မြန်မာနိုင်ငံတွင်မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အား ပထမဦးဆုံးရရှိထားသည့် Wave Money နှင့် အရှေ့တောင်အာရှတွင် ရှေ့ဆောင်ကုမ္ပဏီတစ်ခုဖြစ်ပြီးကုန်းလမ်းခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုများဆောင်ရွက်ပေးသော Grab ကုမ္ပဏီတို့ သီးသန့်မိတ်ဖက်အဖြစ် ပူးပေါင်း၍လုပ်ကိုင်သွားမည်ဖြစ်သည်။ Grab အဖွဲ့ဝင်ယာဉ်မောင်းများ ၎င်းတို့၏ ငွေကြေးစီးဆင်းမှုအား လွယ်ကူစွာ စီမံခန့်ခွဲနိုင်ရန် e-money အကောင့်သစ်အား စတင်စာရင်းသွင်းထားနိုင်ပါသည်။ Wave Money ၏ e-wallet platform နှင့် Grab app တို့အားချိတ်ဆက်၍ ခရီးသည်များအတွက် ငွေစက္ကူများ အသုံးမပြုဘဲ ငွေပေးချေမှုစနစ်အသစ်အား မိတ်ဆက်လိုက်ပါသည်။

ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုစာချွန်လွှာကို Wave Money ၏ CEO ဖြစ်သူ Mr. Brad Jones နှင့် Grab Myanmar ၏ Country Manager ဖြစ်သူ Mr. AmrtSagar တို့က MELIÃ ဟိုတယ်ရှိ အစည်းအဝေးခန်းမဆောင် (၆) တွင် အောင်မြင်စွာဖြင့် လက်မှတ်ရေးထိုးခဲ့ပါသည်။

ဤမိတ်ဖက်အဖွဲ့အစည်းသည် မြန်မာနိုင်ငံတွင် Grab အသင်းဝင်ယာဉ်မောင်းများ၏ ဘဝများဖွံ့ဖြိုးတိုးတက်ရေးကိုအဓိကထားအာရုံစိုက်သွားမည်ဖြစ်သည်။ Grab ယာဉ်မောင်းသူများ အကောင့်ဖွင့်စာရင်းသွင်းခြင်းများကို Wave Money မှ Wave Money e- money အကောင့်သစ် လုပ်ဆောင်ခြင်းအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ Grab ယာဉ်မောင်းများ ၎င်းတို့၏ ကိုယ်ပိုင် e-money အကောင့်မှ Grab driver wallets တွင် ငွေဖြည့်ထားနိုင်ပြီး နေ့စဉ်ဝင်ငွေများကို ရန်ကုန်မြို့ရှိ Wave အေးဂျင့် ၂၀၀၀ တွင်လည်းကောင်း၊ မြန်မာတစ်နိုင်ငံလုံးရှိ Wave အေးဂျင့် ၉၀၀၀ ကျော်တွင်လည်းကောင်း အလွယ်တကူထုတ်ယူနိုင်ပြီဖြစ်သည်။

Wave Money ၏ အမှုဆောင်အရာရှိချုပ် Mr. Brad မှ "မြန်မာနိုင်ငံကလူတွေရဲ့အနာဂတ်များ ပိုပြီး တိုးတက်လာစေရန်နှင့်  ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များတွင် ကူညီလုပ်ဆောင်ပေးဖို့ကလည်း Wave Money ရဲ့ ဦးတည်ချက်တွေထဲကတစ်ခု ဖြစ်ပါတယ်။
ဒါကြောင့် အခု Wave Moneyက Grab နဲ့ပူးပေါင်းပြီး ယာဉ်မောင်းတွေ ငွေရေးကြေးရေးကိစ္စလုပ်ဆောင်တဲ့အခါ အဆင်ပြေချောမွေ့စေမယ့် ဝန်ဆောင်မှုတွေ အမြဲဆောင်ရွက်ပေးနေမှာပါ။ Grab ယာဉ်မောင်းတွေ ဝင်ငွေ၊ ဆုကြေးနဲ့ အခြားသောငွေကြေးကိစ္စတွေကို လုံခြုံမှုရှိပြီး အလွယ်တကူစီမံခန့်ခွဲနိုင်ဖို့အတွက် ထောက်ပံ့ဆောင်ရွက်ပေးလိုက်တဲ့အတွက် သူတို့အနေနဲ့ အရင်ကလိုဘဏ်သွားပြီးတန်းစီနေရတာ၊ စောင့်နေရတာမရှိတော့လို့ အခြားစီးပွားရေးအခွင့်အလမ်းတွေ ထပ်ပြီးမဆုံးရှုံးနိုင်တော့ပါဘူး။ ဘဏ်တွေက တစ်ရက်မှာ နာရီအနည်းငယ်သာ လုပ်ငန်းလည်ပတ်ပြီး တစ်ပတ်မှာ ၅ ရက်ပဲဘဏ်ဖွင့်တယ်ဆိုတာ သတိပြုမိဖို့ အရေးကြီးပါတယ်။ Grab platform က တစ်ရက်ကို ၂၄ နာရီ၊ တစ်ပတ်ကို ၇ ရက် လုပ်ငန်းလည်ပတ်ပါတယ်။ Grab ယာဉ်မောင်းတွေအနေနဲ့ သူတို့ အမှန်တကယ် ဘယ်လိုအလုပ်လုပ်ခဲ့သလဲဆိုတာနဲ့ ငွေဘယ်လောက်ရသလဲဆိုတာ စစ်ဆေးသွားနိုင်မှာပါ။ Wave Money အေးဂျင့်ဆိုင်တွေက ညဘက်နောက်ကျတဲ့အချိန်အထိ လုပ်ဆောင်ပေးနေတဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ အလွယ်တကူဆောင်ရွက်ပေးနိုင်တော့မှာဖြစ်ပါတယ်" ဟုပြောကြားသွားခဲ့သည်။

"Grab အနေနဲ့ အခုလို Wave Money နဲ့ သီးသန့် ပူးပေါင်းလုပ်ဆောင်ခွင့်ရခဲ့ပြီး Wave e-wallet ကို Grab app နဲ့ ပေါင်းစပ်ခွင့်ရတာဂုဏ်ယူစရာပါ။ ကျွန်တော်တို့ရဲ့ ယာဉ်မောင်းတွေဟာ ဂင်ငွေကောင်းကောင်းရဖို့ smart phone တွေကို ပိုသုံးလာကြပါတယ်။ တချို့တော်တော်များများကလည်း သူတို့ရဲ့ နေ့စဉ် ဝင်ငွေထွက်ငွေတွေကို စီမံရာမှာအဆင်ပြေချောမွေ့စေဖို့  ငွေကြေးကိုင်ဆောင်ရန်မလိုပဲ ပေးချေနိုင်တဲ့ စနစ်တစ်ခု စတင်ကျင့်သုံးတော့မှာပါ။ ဒါကြောင့် ငွေသားပျောက်ဆုံးမှု၊ ခိုးယူခံရမှုတို့ကို စိတ်ပူစရာ မလိုတော့ပါဘူး။ အခုက Wave Money နဲ့ Grab ရေရှည်ပူးပေါင်းဆောင်ရွက်ဖို့အတွက် အစဖြစ်ပါတယ်။ ဒါဟာ Wave Money နဲ့ Grab အသုံးပြုသူတွေအတွက်လည်း e-money ကိုအသုံးပြုပြီး Grab ကိုစီးနင်းနိုင်မယ့် နည်းလမ်းတစ်ခုလည်းဖြစ်ပါတယ်" ဟုGrab Myanmar ၏ Country Manager ဖြစ်သူ Mr. AmrtSagarက ပြောကြားသည်။

ငွေသားဖြင့် ငွေပေးချေမှုစနစ်ကို အဓိကထား အသုံးပြုသောကြောင့် ကုန်ပစ္စည်းများအတွက် ငွေပေးချေခြင်းနှင့် လစာပေးခြင်းအပါအဝင် အခြားဝန်ဆောင်မှုများဆောင်ရွက်ရာတွင် ငွေစက္ကူများကို အသုံးပြုလျက်ရှိကြသည်။ ယခုအခါ Wave Money နှင့် Grab တို့ပူးပေါင်း၍ ပိုမိုလွယ်ကူပြီးလုံခြုံစိတ်ချရသည့် ငွေကြေးစီမံခန့်ခွဲမှုစနစ်တစ်ခုအား Grab ယာဉ်မောင်းများအတွက် စတင်လုပ်ဆောင်ပေးမည်ဖြစ်သည်။ Grab ယာဉ်မောင်းများ Wave Money အကောင့်ကိုအသုံးပြုခြင်းဖြင့် မြန်မာနိုင်ငံအတွင်းရှိမည်သည့် Wave Money အေးဂျင့်ဆိုင်မဆိုမိမိအကောင့်ထဲရှိငွေကြေးအား လိုအပ်သလိုစီမံခန့်ခွဲနိုင်မည်ဖြစ်သည်။

**Wave Money သုံးစွဲသူမိတ်ဆွေများအတွက် အထူးပရိုမိုရှင်း**

Wave Money သည် Grab နှင့် မိတ်ဖက်ဖြစ်သည့် အထိမ်းအမှတ်အဖြစ် Wave Money အား လက်ရှိအသုံးပြုနေသည့် မိတ်ဆွေများနှင့် Wave Money အပ်ပလီကေးရှင်းအား ဒေါင်းလုပ်ရယူပြီး ယခုမှစတင်၍အသုံးပြုမည့် မိတ်ဆွေသစ်များအားလုံးကို $29^{th}$ June 2017 မှ $12^{th}$ July 2017 အထိ အထူးပရိုမိုးရှင်းပေးသွားမည် ဖြစ်သည်။ Wave Money အပ်ပလီကေးရှင်းအသုံးပြုသူမိတ်ဆွေများအနေဖြင့် ပရိုမိုးရှင်းကာလအတွင်း (Promo Code) ကုဒ်နံပါတ်တစ်ခုလက်ခံရရှိမည်ဖြစ်ပြီး ၄င်းကုဒ်နံပါတ်အသုံးပြု၍ Grab စတင်ငှားရမ်းသည့် ပထမခရီးစဉ် ၃ ခုအတွက် ၂၀၀၀ ကျပ် Discount ရရှိမည်ဖြစ်သည်။

အသုံးပြုမည့်သူများသည်  Google Play Store နှင့် the App Store မှ Grab အက်ပလီကေးရှင်းအား ဒေါင်းလုတ်ရယူပြီး Sign Up ပြုလုပ်နိုင်ပါသည်။ အသုံးပြုမည့်သူများသည် ဖုန်းနံပါတ် (သို့) Facebook account (သို့) Google account စသည့် (၃) မျိုးထဲမှ မိမိနှစ်သက်ရာတစ်မျိုးဖြင့် အကောင့်သစ်တစ်ခုကိုဖန်တီးနိုင်သည်။ Grab နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ ထပ်မံသိရှိလိုပါက -
Website: www.grab.com/mm တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

Grab အက်ပလီကေးရှင်းဖြင့် တက္ကစီခရီးစဉ်တစ်ခုအား ကြိုတင်၍စာရင်းသွင်းထားပါက ခရီးစဉ်အတွက် ကျသင့်ငွေ ယာဉ်စီးခကိုလည်း ကြိုတင်၍တိကျစွာဖော်ပြထားပေးပါသည်။ Grab အသင်းဝင်ထားသည့် တက္ကစီယာဉ်မောင်းများ Grab အက်ပလီကေးရှင်းကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်၊ အွန်လိုင်းမြေပုံ အသုံးပြု၍ အမြန်ဆုံးလမ်းကို ရွေးချယ်ပြီး ပို့ဆောင်ပေးရန်နှင့် တက္ကစီများ ပြုပြင်ထိန်းသိမ်းခြင်း ရှိ/မရှိ တက္ကစီစုံစမ်းစစ်ဆေးမှုများ အမြဲမပြတ်ပြုလုပ်ပေးရန်၊ စီးနင်းလိုက်ပါလာသည့် ခရီးသည်အား အကောင်းဆုံးဝန်ဆောင်မှုများ ပေးရန်အတွက် သေချာစွာလေ့ကျင့်သင်ကြားထားပေးပါသည်။

တက္ကစီယာဉ်မောင်းအနေဖြင့် Grab အဖွဲ့ဝင်ဖြစ်လိုပါက Mimosa Building၊ ပထမထပ်၊ ၁၉၆/A၊ ရွှေဂုံတိုင် ၅ လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ Grab ရုံးခန်းသို့ လူကိုယ်တိုင်လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။ (သို့) ဖုန်းနံပါတ် ဝ၉ - ၇၆၅ ၄ဝဝ ၄၅ဝ သို့ခေါ်ဆို၍လည်း စာရင်းပေးသွင်းနိုင်ပါသည်။

Grab သည် ယခုလက်ရှိအချိန်တွင် စင်္ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ် နှင့် မြန်မာစသောအရှေ့တောင်အာရှ (၇) နိုင်ငံတွင် ကုန်းလမ်းခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုကို လုပ်ဆောင်ပေးလျက်ရှိသည်။ Grab သည် နေ့စဉ် ခရီးစဉ်ပေါင်း ၂.၅ သန်းရှိသောကြောင့် အကြီးမားဆုံးကုန်းလမ်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဖြစ်ပြီးအရှေ့တောင်အာရှနိုင်ငံများမှ များစွာသောယာဉ်မောင်းများနှင့် ခရီးသည်များသည် အခြားဝန်ဆောင်မှုလုပ်ငန်းများထက် Grab အားပို၍နှစ်သက်ကြသည်။ ဒေသတွင်းရှိ မြို့ပေါင်း ၅၅ မြို့တွင် ယာဉ်မောင်းဦးရေ ၉၃ဝဝဝဝ ကျော်ရှိသည့်အတွက်ကြောင့် အကြီးမားဆုံးယာဉ်မောင်းအရင်းမြစ်ကိုလည်းရရှိထားသည်။ Grab app ကိုဒေါင်းလုတ်လုပ်သည့်အရေအတွက်စုစုပေါင်း ၄၅ သန်းကျော်ရှိခဲ့ပြီးဖြစ်သည်။

Wave Money သည် မြန်မာနိုင်ငံတွင် အသုံးပြုသူမိတ်ဆွေများနှင့် လုပ်ငန်းများအတွက် ဆန်းသစ်သော ငွေရေးကြေးရေးဝန်ဆောင်မှုများနှင့် ငွေပေးချေမှုလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိပြီး အပတ်စဉ် မိတ်ဖက်အသစ်များ တွေ့ဆုံလျက်ရှိသောကြောင့် merchant payments နှင့် bill payments များလည်း အလွန်လျင်မြန်စွာ ကျယ်ပြန့်လာခဲ့သည်။

**Wave Money အကြောင်း**

Wave Money သည် ငွေလွှဲဝန်ဆောင်မှုများကို Wave ဆိုင်များဖြစ်သောကိုယ်စားလှယ်ပေါင်း ၉ဝဝဝ ကျော် မှတစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိသောလုပ်ငန်းတစ်ခုဖြစ်သည်။ Wave Money သည် မိုဘိုင်းငွေကြေးလွှဲပြောင်းနိုင်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်ပြီးတယ်လီနော၊ ပထမမြန်မာရင်းနှီးမြုပ်နှံမှု (FMI) နှင့် ရိုးမဘဏ်တို့ အတူတကွလက်တွဲဖွဲ့စည်းထားသောကုမ္ပဏီဖြစ်သည်။ Wave Money သည် မြန်မာနိုင်ငံတစ်ဝှမ်းလုံး တစ်ဦးနှင့် တစ်ဦးငွေလွှဲနိုင်ရန် အကောင်းဆုံးငွေလွှဲဝန်ဆောင်မှုအား ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံပြည်သူများအချိန်တိုင်း၊ နေရာတိုင်းကိုငွေလွှဲနိုင်ပြီဖြစ်သည်။ အသေးစိတ်အချက်အလက်များထပ်မံသိရှိလိုပါကhttps://www.wavemoney.com.mm

**Grabအကြောင်း**

Grab သည် အရှေ့တောင်အာရှတွင် ကုန်းလမ်းခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုပေးလျက်ရှိသောရှေ့ဆောင်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ Grab သည် ဒေသတွင်းရှိလူဦးရေသန်းပေါင်း ၆၂၀ အတွက် သယ်ယူပို့ဆောင်ရေးစိန်ခေါ်မှုများကိုဖြေရှင်းပေးလျက်ရှိသည်။ယာဉ်မောင်းများနှင့် ခရီးသည်များအတွက် အဆင်ပြေရုံမျှမက လုံခြုံစိတ်ချမှု အပြည့်အဝရှိသော ကုန်းလမ်းပို့ဆောင်ရေး ဝန်ဆောင်မှုသည် Grab ကုမ္ပဏီ၏ အဓိကလုပ်ငန်း (ထုတ်ကုန်) ဖြစ်ပြီး Grab Pay အမည်ဖြင့် မိုဘိုင်းငွေပေးချေခြင်း ဝန်ဆောင်မှုကိုလည်း လုပ်ဆောင်ပေးလျက်ရှိသည်။ Grab Pay မိုဘိုင်းငွေပေးချေခြင်း ဝန်ဆောင်မှုအား ယခုအခါ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ် အစရှိသော နိုင်ငံများတွင်သာရရှိနိုင်မည်။

အသေးစိတ်အချက်အလက်များထပ်မံသိရှိလိုပါက -http://www.grab.comတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

- ပြီး -

**အသေးစိတ်အချက်အလက်များထပ်မံသိရှိလိုပါက -**

Shane Neubronner
Helium for Grab Myanmar
shane.neubronner@helium.agency
(၉၅) ၉ ၂၆၀၀ ၅၀၀၉

မယုယုမော်
Public Relations Director
Havas Riverorchid Media for Wave Money
yuyumaw@havas-ro.com
(၉၅) ၉ ၇၉၄၇၉ ၇၄၈၉